ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁ ၊ အမှတ် ၃

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

## (၃၄) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတက်ရောက်ခြင်း




(၃၄) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ တက်ရောက်စဉ်။

(၃၄) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး (34th Meeting of ASEAN Directors-General of Customs) ကို ဘရူနိုင်းနိုင်ငံ ၊ ဘန်ဒါဆရီ ဘီဂါဝန်မြို့တွင် ၂၀၂၅ ခုနှစ် ၊ ဇွန်လ (၃) ရက်နေ့မှ (၅)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ် (၃) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်း အကောက်ခွန်ဆိုင်ရာ ရည်မှန်းချက်နှင့် ကတိကဝတ်များအား အကောင်အထည်ဖော်ရန် ၊ လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေး အစီရင်ခံစာများ ၊ လေ့လာသုံးသပ်ချက်အစီရင်ခံစာများ ၊ ဆောင်ရွက်ပြီးစီးမှုများ ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးအတည်ပြုရန် ၊ မိတ်ဖက်အကောက်ခွန်အဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြုအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ အကောက်ခွန်ထိန်းချုပ်မှုပိုမိုကောင်းမွန်စေရေး ၊ အကောက်ခွန်လုပ်ငန်းစဉ် ရှင်းလင်းလွယ်ကူစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။




(၃၄) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးတွင် အမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် လေ့လာသူ အရှေ့တီမောနိုင်ငံတို့မှ စုစုပေါင်း ကိုယ်စားလှယ် (၆၀) ဦး ၊ ဆွေးနွေးဖက် အကောက်ခွန်အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကကဏ္ဍတို့မှ စုစုပေါင်း ကိုယ်စားလှယ် (၄၁) ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် လွှဲပြောင်းပေးအပ်ရမည့် သဘာပတိဖြစ်သူ ဗီယက်နမ်အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်နှင့် လွှဲပြောင်းလက်ခံရမည့် သဘာပတိဖြစ်သူ အိမ်ရှင် ဘရူနိုင်းအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားခြင်း ၊ အစည်းအဝေး အစီအစဉ်အား အတည်ပြုခြင်း၊ အစည်းအဝေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အစည်းအဝေးတက်ရောက်သူအရာရှိကြီးများ သိသင့် သိထိုက်သည်များကို ကြေညာခြင်း၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး ၊ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးများမှ ကောက်နုတ်ချက်များအား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြခြင်း၊ အာဆီယံအကောက်ခွန်ညှိနှိုင်းရေးကော်မတီ (ASEAN Customs Coordinating Committee – CCC) ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Procedure and Trade Facilitation Working Group-CPTFWG) ၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့် လေးစားလိုက်နာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Customs Enforcement and Compliance Working Group–CECWG) ၊ အကောက်ခွန်စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Capacity Building Working Group–CCBWG) များ၏ ကိုယ်စား CCC Chair က တင်သွင်းသည့် တိုးတက်မှုအစီရင်ခံစာအား ဆွေးနွေးခြင်း ၊ လမ်းညွှန်ချက် ချမှတ်ခြင်းနှင့် အတည်ပြုခြင်း ၊ အာဆီယံပြတင်းတစ်ပေါက်စနစ်ဆိုင်ရာဦးဆောင်ကော်မတီ (ASEAN Single Window Steering Committee - ASWSC) နှင့် ယင်း၏ လုပ်ငန်းအဖွဲ့များက တင်ပြသည့် တိုးတက်မှုအစီရင်ခံစာအား ဆွေးနွေးအတည်ပြုခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံ အကောက်ခွန်ဆိုင်ရာအစည်းအဝေးများ၏ အချိန်ဇယားကို ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံ၏




(၃၄) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးတွင် အမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။

ဆွေးနွေးဖက်များ၊ မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဆွေးနွေးရန်အတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်းခြင်း၊ အာဆီယံ၏ ဆွေးနွေးဖက်များဖြစ်ကြသည့် ဩစတြေးလျ နယ်စပ်တပ်ဖွဲ့ (ABF) ၊ တရုတ်အကောက်ခွန်၊ ဂျပန်အကောက်ခွန် ၊ ကိုရီးယားအကောက်ခွန် ၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) တို့နှင့် ညှိနှိုင်းဆွေးနွေးခြင်း ၊ မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်း (Private Sector) များဖြစ်ကြသည့် EU-ABC ၊ US-ABC ၊ ASEAN BAC တို့နှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၂၀၂၆-၂၀၃၀) အားဆွေးနွေးခြင်း၊ (၃၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကျင်းပမည့် ရက်စွဲနှင့်နေရာအား အတည်ပြုသတ်မှတ်ခြင်း ၊ (၃၄) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး၏ အစီရင်ခံစာအား ညှိနှိုင်းဆွေးနွေးခြင်း ၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ (၃၄) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးမှ ထုတ်ပြန်မည့် ပူးတွဲကြေညာချက်အား ညှိနှိုင်းဆွေးနွေးပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် အစည်းအဝေးကာလအတွင်း အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်အကောက်ခွန် ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း ၊ ထိုင်းအကောက်ခွန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ လာအိုအကောက်ခွန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီးခြားအစည်းအဝေးများ ကျင်းပ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် X-Ray စက်များ ထားရှိနိုင်ရေးနှင့် အချိန်မီပြောင်းရွှေ့နိုင်ရေးနှင့်ပတ်သက်၍ အစည်းအဝေးကျင်းပခြင်း



ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် X-Ray စက်များ ထားရှိနိုင်ရေးနှင့် အချိန်မီပြောင်းရွှေ့နိုင်ရေးနှင့် ပတ်သက်၍ အစည်းအဝေး၌ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ ဆွေးနွေးပြောကြားနေစဉ်။

၁၇-၆-၂၀၂၅ ရက်နေ့၊ နေ့လည် ၁၄:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အစည်းအဝေးခန်းမ(၁)၌ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် X-Ray စက်များ ထားရှိနိုင်ရေးနှင့် အချိန်မီပြောင်းရွှေ့နိုင်ရေးနှင့်ပတ်သက်၍ လန်းပြီကုမ္ပဏီလီမိတက် ၊ Myanmar Land Development Co.,Ltd.၊ Nuctech, X-Ray Co.,Ltd. တို့နှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ မကြာမီအချိန် အတွင်း၌ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း မှ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ပြောင်းရွှေ့၍ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်သဖြင့် X-Ray စက်များ ထားရှိမည့် အဆောက်အဦကိစ္စနှင့် X-Ray စက်များ ရန်ကုန်မြို့မှ ရွှေ့ပြောင်းရာ၌ မည်ကဲ့သို့ရွှေ့မည်၊ အချိန်မည်မျှကြာမည် ၊ မည်သည့်အရာနှင့်ရွှေ့မည်နှင့် လုံခြုံရေးမည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလို၍ အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

လန်းပြီကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာ ဦးသန်းနိုင်မှ လက်ရှိတွင် X-Ray စက်များအား ရန်ကုန်ရှိဆိပ်ကမ်းများတွင် ထိန်းသိမ်းထားရှိမှုအခြေအနေ၊ ပြောင်းရွှေ့မည့် (ယ) ရက်သတ်မှတ်ပြီးရရှိပါက သယ်ယူပို့ဆောင်ရေးအစီအမံများအား ကြိုတင်ရေးဆွဲထားပြီး ဖြစ်ကြောင်း၊ တပ်ဆင်ရာတွင် ပညာရှင်များမှ တပ်ဆင်မည်ဖြစ်ကြောင်း ၊ စက်ပစ္စည်းများ တင်/ချရန်အတွက် သက်ဆိုင်ရာစက်ပစ္စည်း၏ ယာဉ်အပါအဝင် တန်(၅၀) ကရိန်းအား တစ်ပါတည်း ခေါ်ဆောင်



ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် X-Ray စက်များ ထားရှိနိုင်ရေးနှင့် အချိန်မီပြောင်းရွှေ့နိုင်ရေးနှင့် ပတ်သက်သည့် အစည်းအဝေးတွင် လန်းပြီ Co.,Ltd MD မှ ဆွေးနွေးစဉ်။

သွားမည်ဖြစ်ကြောင်း ၊ Bomb Jammer တပ်ဆင်မည့်ကိစ္စရပ်အား အကောက်ခွန် ညွှန်ကြားရေးမှူးချုပ် နှင့် လန်းပြီ Co.,Ltd. မှ MD တို့ ဆွေးနွေးခဲ့ပြီးနောက် Bomb Jammer တပ်ဆင်ရန် ကုမ္ပဏီနှင့် ညှိနှိုင်းချိတ်ဆက်ထားကြောင်း၊ အဆောက်အဦအနေဖြင့် မီးလိုင်း တပ်ဆင်ရာ၌ အသေးစိတ်တွက်ချက်မှုများ လိုအပ်နေသေးကြောင်း၊ အဆောက်အဦအနေဖြင့် အကြမ်းထည် အကုန်ပြီးစီးနေပြီဖြစ်ကြောင်း နှင့် အမိုးကိုင်းထုတ်လုပ်ရေးမှာလည်း ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း၊ X-Ray စက်များ အဆောက်အဦအတွင်းသို့ ထည့်ပြီးပါကလည်း အမိုးမိုးနိုင်ရန်နှင့် လိုအပ်သည်များ ဆောင်ရွက်ထားကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် မှ X-Ray စက်များအတွက် Bomb Jammer တပ်ဆင်ပေးရန်၊ မီးစက်များထားရှိပေးရန်၊ X-Ray စက်များတွင် မိုးကြိုးလွှဲများတပ်ဆင်ရန် လိုအပ်ကြောင်း ထပ်မံဆွေးနွေးခဲ့ပြီးနောက် အစည်းအဝေးအား ၁၅:၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနနှင့် X-Ray စက်များ ရင်းနှီးမြုပ်နှံသည့် ဌာနဆိုင်ရာ၊ ကုမ္ပဏီများ အကြား X-Ray စက် အသုံးပြု၍ အကျိုးတူဆောင်ရွက်ခြင်း သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပခြင်း




အကောက်ခွန်ဦးစီးဌာနနှင့် X-Ray စက်များ ရင်းနှီးမြုပ်နှံသည့် ဌာနဆိုင်ရာ၊ ကုမ္ပဏီများအကြား X-Ray စက် အသုံးပြု၍ အကျိုးတူဆောင်ရွက်ခြင်း သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း မှ ဆွေးနွေးပြောကြားနေစဉ်။

၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၌ X-Ray စက်များ အသုံးပြု၍ အကျိုးတူဆောင်ရွက်ခြင်း သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားအား ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်၍ X-Ray စက်ပိုင်ရှင်ဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်များသည် ၂၀၂၀ ခုနှစ်တွင် စတင်ချုပ်ဆိုခဲ့သည့် (၅) နှစ် စာချုပ်၏ သက်တမ်းပြည့်ပြီးမှ ပြန်လည်ချုပ်ဆိုခြင်းဖြစ်ကြောင်း ၊ လက်ရှိသက်တမ်းမှာ (၁) နှစ်သာ ဖြစ်ပြီး (၂၃-၄-၂၀၂၅ မှ ၂၂-၄-၂၀၂၆) အထိ သက်တမ်း သတ်မှတ်ထားပါသည်။ စာချုပ်အရ X-Ray စက်ပိုင်ရှင်များမှ စက်ချို့ယွင်းပါက (၁၀) ရက်အတွင်း ပြုပြင်ရမည်ဖြစ်ပြီး ချို့ယွင်းမှု (၄၅) ရက်ကျော်လွန်ပါက အချိုးကျခွဲဝေငွေ ရပ်ဆိုင်းမည် ဖြစ်ကြောင်း ၊ X-Ray Operator များအား သင်တန်းပေးခြင်း ၊ CCTV ၊ မိုးကြိုးလွှဲ တပ်ဆင်ခြင်းစရိတ်များကို လုပ်ငန်းလက်ခံသူမှ ကျခံရမည်ဖြစ်ကြောင်း ၊ စာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၂-၄-၂၀၂၆ မတိုင်မီ (၃) လအလိုတွင် အချိန်မီ ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးအတွက် တာဝန်ရှိသည့် ကုမ္ပဏီများသည် စာရွက်စာတမ်းပြည့်စုံအောင် ပြင်ဆင်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအား ဆောင်ရွက်ကာ အခမ်းအနားအား (၁၃:၁၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# ရေဒီယိုသတ္တိကြွနှင့် နျူကလီးယားပစ္စည်းများအကြောင်း သိကောင်းစရာများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချခြင်း




ရေဒီယိုသတ္တိကြွနှင့် နျူကလီးယားပစ္စည်းများအကြောင်း သိကောင်းစရာများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ အသိပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှတ်တရဓာတ်ပုံရိုက်ကူးနေစဉ်။

အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ၂၅-၆-၂၀၂၅ ရက်နေ့၊ နံနက် (၀၈:၀၀) နာရီအချိန်တွင် ရေဒီယိုသတ္တိကြွနှင့် နျူကလီးယားပစ္စည်းများအကြောင်း သိကောင်းစရာများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ အသိပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာန မှဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ (စစရ၊ ကာ၊ နယ်ရုံး) ၊ အဏုမြူစွမ်းအင်ဦးစီးဌာနမှ သင်တန်းနည်းပြ (၅) ဦး၊ အကောက်ခွန်အရာရှိသင်တန်းသား In Person (၆၅) ဦး၊ Online ဖြင့် (၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။

သင်တန်းတွင် အဏုမြူစွမ်းအင်ဦးစီးဌာန၊ နည်းပြ (၅) ဦး မှ အဏုမြူစွမ်းအင်ဦးစီးဌာန၏ ဆောင်ရွက်ပေးရသည့် အခန်းကဏ္ဍများအကြောင်း၊ Radiation နှင့် Nuclear ၏ သဘောသဘာဝ အကြောင်း၊ Nuclear Materials (ဒြပ်ပစ္စည်းများ) အကြောင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများအကြောင်း၊ Measurement Instruments အသုံးပြုပုံများကို လက်တွေ့ကျကျ အနီးကပ်စမ်းသပ်ပြသခြင်း စသည့် သိကောင်းစရာ ဗဟုသုတများတို့ကို သင်ကြားပို့ချခဲ့ပါသည်။

# ရန်ကုန် - နေပြည်တော် - မန္တလေး -တောင်ကြီးစသည့် လမ်းကြောင်းများ၌ E-Lock စနစ် ဆောင်ရွက်နိုင်ရန်အတွက် ကုန်သေတ္တာရရှိနိုင်မှု အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



ရန်ကုန် - နေပြည်တော် - မန္တလေး -တောင်ကြီးစသည့် လမ်းကြောင်းများ၌ E-Lock စနစ် ဆောင်ရွက်နိုင်ရန်အတွက် ကုန်သေတ္တာရရှိနိုင်မှု အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ ဆွေးနွေးပြောကြားနေစဉ်။

(၁၃.၆.၂၀၂၅) ရက်နေ့ ၊ နံနက် (၉:၃၀) နာရီအချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ၊ အစည်းအဝေးခန်းမတွင် ရန်ကုန် - နေပြည်တော် - မန္တလေး - တောင်ကြီး စသည့် လမ်းကြောင်းများ၌ E-Lock စနစ် ဆောင်ရွက်နိုင်ရန်အတွက် ကုန်သေတ္တာရရှိနိုင်မှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အသင်းအဖွဲ့၊ သင်္ဘောလိုင်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

သက်ဆိုင်ရာအသင်းနှင့်သင်္ဘောလိုင်းများမှ ဆွေးနွေးရာတွင် ကုန်သေတ္တာရရှိနိုင်မှုကိစ္စနှင့် ပတ်သက်၍ ကုန်သေတ္တာငှားရမ်းနိုင်မည့်အခြေအနေအား မိမိတို့၏ Principal သို့ တင်ပြပြီးမှသာ ပြန်လည်ဖြေကြားနိုင်မည်ဖြစ်ပါကြောင်း ၊ တာချီလိတ်မှ ရန်ကုန်လမ်းကြောင်းတွင် ကုန်သေတ္တာ အသုံးပြုမှုရှားပါးပါကြောင်း ၊ နယ်စပ်တွင် Container ဖြင့် သယ်ယူပို့ဆောင်နိုင်ရန်အတွက် လက်ရှိ အခြေအနေအရ Infrastructure များလည်း ပြည့်စုံမှု မရှိပါကြောင်း ဆွေးနွေးခဲ့ပြီး အကောက်ခွန် ဦးစီးဌာန ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ၊ ဦးရဲထွဋ်အောင်မှ အသင်းနှင့် သင်္ဘောလိုင်းများအား ယနေ့ဆွေးနွေးခဲ့သော အကြောင်းအရာများနှင့် သုံးသပ်အကြံပြုချက်များကို ပြန်လည် တင်ပြပေးရန်နှင့် ကုန်သေတ္တာသင်္ဘောလိုင်းများအနေဖြင့် Normal Trade နှင့် Border Trade တွင် အသုံးပြုလျက်ရှိသော တစ်လစာကုန်သေတ္တာစာရင်းအား ပြုစုပေးပို့ပေးရန် ဆွေးနွေးခဲ့ပါသည်။

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အခွန်လျာထားချက်ပြည့်မီစေရေးနှင့် ဖမ်းဆီးမှုလျာထားချက် ပြည့်မီစေရေး အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အခွန်လျာထားချက်ပြည့်မီစေရေးနှင့် ဖမ်းဆီးမှုလျာထားချက် ပြည့်မီစေရေး အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ ဦးဆောင်၍ အစည်းအဝေး ကျင်းပနေစဉ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အခွန်လျာထားချက်ပြည့်မီစေရေးနှင့် ဖမ်းဆီးမှုလျာထားချက် ပြည့်မီစေရေး အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်နှင့် ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပဆောင်ရွက်ခြင်းအား ၅-၆-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) မှ ဦးဆောင်၍ Virtual စနစ်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးများ ၊ OSS ၊ SEZ ၊ အမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ခံများ၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် သက်ဆိုင်ရာတာဝန်ခံများမှ အခွန်ငွေနှင့် ဖမ်းဆီး/တားဆီးမှု လျာထားချက်များအပေါ် မြို့နယ်အလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လက်ရှိ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ ဆွေးနွေးတင်ပြခဲ့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင်မှ အခွန်လျာထားချက်ပြည့်မီရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များအား တိတိကျကျ လိုက်နာဆောင်ရွက်



၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အခွန်လျာထားချက်ပြည့်မီစေရေးနှင့် ဖမ်းဆီးမှုလျာထားချက် ပြည့်မီစေရေး အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင် မှ ဦးဆောင်၍ အစည်းအဝေးကျင်းပနေစဉ်။

ကြရန်နှင့် လုံခြုံရေး၊ ကျန်းမာရေး ကိစ္စရပ်များ အထူးအလေးထားဆောင်ရွက်ရန်၊ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ လက်အောက်ဝန်ထမ်းများအား ချပြဆွေးနွေး၍ ကြီးကြပ်ဆောင်ရွက်ရန်၊ မြေပြင်အနေအထား၊ ကုန်လှောင်ရုံ အခြေအနေများအား စနစ်တကျလွှဲပြောင်းလက်ခံခြင်း ပြုလုပ်ကြရန်နှင့် ဂိုဒေါင်ဖမ်းဆီးမှုများ၌ လုံခြုံရေးအပြည့်အဝ ရရှိစေရန် မိတ်ဖက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ သိရှိလိုက်နာ ဆောင်ရွက်ရမည့် အခြေအနေများ၊ လုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) မှ အခွန်ငွေလျာထားချက်ပြည့်မီရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆွေးနွေးမှုများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ပြန်လည်တင်ပြရန်နှင့် သက်ဆိုင်ရာတာဝန်ခံများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်ဆွေးနွေးခဲ့ပြီး အစည်းအဝေးအား (၁၉:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# Valuation သင်တန်း ၁/၂၀၂၅ ဖွင့်လှစ်ပို့ချခြင်း




**Valuation သင်တန်း ၁/၂၀၂၅ တွင် အကောက်ခွန်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးချမ်းမိုး မှ သင်ခန်းစာ များ သင်ကြားပို့ချနေစဉ်။**

Valuation သင်တန်း ၁/၂၀၂၅ ကို ၁၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၆-၂၀၂၅ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်းခန်းမ၌ နံနက် (၀၈:၀၀) နာရီမှ (၀၉:၃၀) နာရီအထိ (၅) ရက်ကြာ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းတွင် အကောက်ခွန်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးချမ်းမိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဆုခိုင် နှင့် ဦးစီးအရာရှိ ဒေါ်သန္တာကျော်တို့က သင်ကြားပို့ချခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲ(၁၂)ခုမှ သင်တန်းသားဦးရေ (၅၀)ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါသင်တန်း၏ ရည်ရွယ်ချက်မှာ အကောက်ခွန်အရာရှိများအနေဖြင့် WTO Valuation Agreement ပါ တန်ဖိုးသတ်မှတ်ရေး နည်းလမ်းများကို နားလည်သဘောပေါက်စေရန် ၊ အခွန်စည်းကြပ် ကောက်ခံခြင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် WTO Valuation Agreement ပါအတိုင်း ဆောင်ရွက်နိုင်စေရန်နှင့် Valuation Section တွင် တာဝန်ချထားနိုင်မည့် အကောက်ခွန်အရာရှိများ မွေးထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ခြင်း



အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဓမ္မစကြာ ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်နေစဉ်။

အကောက်ခွန်ဦးစီးဌာန၌ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား ( ၃၀ ) ဦးခန့်ဖြင့် အဖွဲ့ ( ၂ ) ဖွဲ့ခွဲ၍ ရွတ်ဖတ်ပူဇော်လျက်ရှိပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး ( ၂ ) ဦး မှ ဦးဆောင်၍ ၁၀-၆-၂၀၂၅ ရက်နေ့နှင့် ၂၄-၆-၂၀၂၅ ရက်နေ့များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၀၄၀၇.၁၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဇွန်လ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၅၁၆ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၃၀၄၀၇.၁၀၇ ) သန်း ဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၂-၆-၂၀၂၅ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ Happy Angel General Co.,Ltd, ID No; 100304748611 (29/5/2025) ဖြင့် တင်သွင်းလာသော ပေ(၄၀) ကုန်သေတ္တာ(၃)လုံးအား တာဝန်ကျစစ်ဆေးရေးအရာရှိမှ မျက်မြင်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော (Brand New Electronic Goods) (Brand- TRINA) (Solar Bifacial Module) (Power- 715W) (Model No- TSM715NEG21C.20) (C/O- China) Dimension (2384 X 1303 X 33)MM (990 U) အပါအဝင်ကုန်ပစ္စည်း (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆၇၈,၆၉၉,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၀၄၀၇.၁၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၇-၆-၂၀၂၅ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ National Bearing Group Co.,Ltd. မှ ID No. 100305974530 (11.6.2025) ဖြင့် သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်လာသော ပေ (၂၀) ကုန်သေတ္တာ (၁) လုံးအား အထူးအဖွဲ့ Suspect အရ တာဝန်ကျအဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးခဲ့ ရာ ID,IL တွင် ကြေညာဖော်ပြထားခြင်း မရှိဘဲပါရှိလာသော (Spare Parts B/N Pillow Block Bearing) (Brand-Osaka) (C/O- China) (11,271 U) (25,345.13 KG) ခန့်မှန်းတန်ဖိုးကျပ် (၁၈၃,၆၂၅,၄၇၀/-) ခန့်အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၀၄၀၇.၁၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




၁၁-၆-၂၀၂၅ ရက်နေ့တွင် တရားမဝင်ကုန်စည်များအား တားဆီးထိန်းချုပ်နိုင်ရန်အတွက် ကျိုင်းတုံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးဦးစီးသော အထူးကင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်ကင်းလှည့်စစ်ဆေးစဉ် ကျိုင်းတုံမြို့ရှောင်လမ်း၊ ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာတွင် ယာဉ် လွှဲပြောင်းတင်ဆောင်ရန်စုပုံထားသော ပိုင်ရှင်မဲ့ကုန်ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ သယ်ယူခဲ့ပြီး အသေးစိတ်စစ်ဆေးရာ (DanNiYa Beer) (320 ml x 24 ctns) (320 ml x 24 ctns) (C/O- China) (97 ctns) အပါအဝင် ကုန်ပစ္စည်း (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၇,၈၅၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၀၄၀၇.၁၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၁၇-၆-၂၀၂၅ ရက်နေ့ (၁၀:၃၀) နာရီအချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်စည်များ တင်သွင်း/တင်ပို့မှုမရှိစေရေး မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အဖွဲ့ဝင်များသည် ကင်းလှည့်စစ်ဆေးစဉ် ကျောက်ဆည်မြို့ရှောင်လမ်း၊ ဝင်းထက်ဆီဆိုင်အနီး၌ အေးသာယာမှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (6D/1953) (12W) ယာဉ်အား ရပ်တန့်စစ်ဆေးရာယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားပြည့်စုံမှုမရှိသည့် အထွေထွေကုန်စည်များ တင်ဆောင်ထားသဖြင့် အသေးစိတ်စိစစ်နိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ၁၈-၆-၂၀၂၅ ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် စစ်ဆေးရေးအဖွဲ့ဖြင့်စစ်ဆေးရာ (Duct Temperature Sensor) (C/O- Not Found) (3000 Pcs) အပါအဝင်ကုန်ပစ္စည်း(၈)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၀၅,၂၃၆,၂၅၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်မော်တော်ယာဉ်အမှတ် ၊ (6D/1953) (12W) (Brand- HINO PROFIA) (C/O- Japan) (Model- 1998) (1 U) ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၀၄၀၇.၁၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၅-၆-၂၀၂၅ ရက်နေ့တွင် Myent Min That အမည်ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများသည် လေယာဉ်ခရီးစဉ်အမှတ် TG-301 (5.6.2025), HAWB No.3600177851 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်လေဆိပ်ကုန်လှောင်ရုံ သို့ ရောက်ရှိလာပြီး ၎င်းတင်သွင်းလာသော ပစ္စည်းများအား အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စိန်ဟုယူဆရသော Moissanite စာတမ်းပါ ရောင်စုံကျောက်ပွင့်များ GRA ကဒ်ပါ Moissanite စာတမ်းပါ အဖြူရောင်ကျောက်ပွင့် (၁၃) လုံး (၂၂) ကာရက် အပါအဝင် ကုန်ပစ္စည်း(၁၇)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၅,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၀၄၀၇.၁၀၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု



၁၁-၆-၂၀၂၅ ရက်နေ့တွင် တရုတ်နိုင်ငံသားခရီးသည် Mr. HE ZEWEN (PP.No-EP7245175) သည် CHINA Eastern Airlines လေယာဉ်ခရီးစဉ်အမှတ် MU-2031/ SF-5578 ဖြင့် တရုတ်နိုင်ငံ ကူမင်းမြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ ခရီးဆောင်အိတ်အား X-Ray ပုံရိပ်မသင်္ကာသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်စာရွက်စာတမ်းအထောက် အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Brand- Furungwang) (Cigarettes) (1 x 20 pcs) (C/O- CHINA) (170 case) အပါအဝင် ကုန်ပစ္စည်း (၂) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂,၃၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။